## စာရေးသူ၏အမှာ

- ၁၉၈၈ ခုနှစ်က 'နသန္တိ ဘဒ္ဒေ' အမည်ရှိသော စာအုပ်သေးသေးလေးတစ်အုပ် ဝတ်ရည်စာပေမှ ထွက်ခဲ့ဖူးပါသည်။ ဤ (နဝရတ်ကိုးသွယ်) သည် အဆိုပါ (နသန္တိ ဘဒ္ဒေ)ကို အခြေခံလျက် ထပ်မံ ဖြည့်စွက်ရေးသားကာ အသစ်တစ်ဖန် စီမံအပ်သော စာအုပ် ဖြစ်ပါသည်။
- ဤသို့ ထပ်မံဖြည့်စွက်ရေးသားဖြစ်အောင် အကြံပြုတိုက်တွန်းသူမှာ မြတ်ဆုမွန်စာပေမှ ကိုဝင်းညွှန့်ဖြစ်ပေရာ သူ၏ကျေးဇူးကို မှတ်တမ်းပြုရပေမည်။
- ဤ (နဝရတ်ကိုးသွယ်)တွင် လေးစားအပ်သော စာဖတ်သူသည် နှစ်ပိုင်းနှစ်ကဏ္ဍကို ဖတ်ရှုရမည်ဖြစ်ပါသည်။ ပထမကဏ္ဍမှာ မိတ်ဆွေနှစ်ဦးကို ဆွေးနွေးပြောဆိုခန်းဖြစ်ပြီး၊ ဒုတိယကဏ္ဍမှာ ထိုဆွေးနွေးခန်းမှ ပေါက်ဖွားလာသော ဝတ္ထုငယ်ကိုးပုဒ် ဖြစ်ပါသည်။ ထို့ကြောင့် ဤစာအုပ်တွင် ရေးဟန်ပုံစံနှစ်မျိုး၊ ဖွဲ့စည်းမှုနှစ်မျိုးကို တွေ့ကြရပါမည်။ လေးစားအပ်သော စာဖတ်သူအား အနုအညွှတ် ကြိုတင်အသိပေးလိုသည်မှာ ရေးဟန်ပုံစံများကို ဤသို့ အသွင်နှစ်မျိုးခွဲခြားကာ တမင်တကာ မြူးတူးကျက်စားရေးသားပြနေခြင်း မဟုတ်ကြောင်းပင် ဖြစ်ပါသည်။
- စာရေးဟန်ပုံစံဆိုသည်မှာ ရေးလိုသော အကြောင်းအရာနှင့် စေတနာပြဋ္ဌာန်းချက်တို့၏ တောင်းဆိုမှုအရ ပေါ်ပေါက်လာတတ်ကြပါသည်။ ထို့ကြောင့် ဤ (နဝရတ်ကိုးသွယ်)သည်လည်း အကြောင်းအရာ စေတနာပြဋ္ဌာန်းချက်တို့၏ လိုအပ်ချက်အရ ဖွဲ့စည်းဖြစ်ပေါ်လာသည်ဟု နားလည်ခံယူပေးကြစေလိုပါသည်။
- နောက်တစ်ခု တင်ပြလိုသည်မှာ ဤ (နဝရတ်ကိုးသွယ်)ပါ ရေးသားစီကုံးမှုသည် ထေရ်ကြီး၊ ဝါကြီးရဟန်းတော် ဆရာတော်ကြီးများ၊ ပရိယတ်၊ ပဋိပတ်ကြီးကုတ်အားထုတ် ဓွမ်းဆောင်ကြသူ သံဃာတော်အရှင်မြတ်များနှင့် ပါဠိ ပိဋကတ် စာပေအရာတို့၌ ကျွမ်းကျင်နှံ့စပ် လိမ္မာကြကုန်သော လူပုဂ္ဂိုလ် ပညာရှိများအတွက် တတ်ပြီး၊ သိပြီး၊ နားလည်ပြီးအကြောင်းအရာများ ဖြစ်ကြပါလိမ့်မည်။
- မိမိအနေဖြင့်မူ (ကာလေန ဓမ္မ သာကစ္ဆာ) မင်္ဂလာတရားတော်အရ သင့်လျော်သောအခါ၌ တရားဓမ္မဆွေးနွေးခြင်းအဆင့်ကိုသာ ရည်ရွယ်ထားပါသည်။ ဤနေရာ၌ ကျေးဇူးရှင်သပြေကန်ဆရာတော်ဘုရားကြီး၏ ပရိတ်ကြီးနိဿယသစ်မှ ကောက်နုတ်တင်ပြပါရစေ။

"...တရားဆွေးနွေးခြင်းကို လူကြီးများသာ ဆွေးနွေးလေ့ရှိရာ ယခုခေတ်လူငယ်များ မဆွေးနွေးကောင်းသလို ဖြစ်နေ၏။ အမှန်က တရားမည်သည် စိတ်ကောင်းထားတတ်ခြင်း၊ မတရားကို ရှောင်၍ တရားကိုလေးစားတတ်ခြင်း၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာစသော တရားများ တိုးပွားစေခြင်းဖြင့် လောကကြီးပွားရေး၊ ဓမ္မကြီးပွားရေး နှစ်ဖက်လုံးအားပေးတတ်ရာ အသယ်မှာလူငယ်များ မသိထိုက်ဘဲ ရှိပါအံ့နည်း။ ထို့ကြောင့် တရားဆွေးနွေးသော အစည်းအဝေး (ဓမ္မသာကစ္ဆသဘင်) ကလေးများ မကြာမကြာ ကျင်းပ၍ ပြောသူက၊ နားထောင်သူက နားထောင်လျှင် အလွန်အကျိုးရှိမည်သာ၊ ထိုသဘင်မျိုးမှာ မင်္ဂလာရှိသော သဘင်မျိုးတည်း။

**နေသာ သဘာ ယတ္ထ န သန္တိ သန္တော၊**
**သန္တော န တေ ယေ န ဝ ဒန္တိ ဓမ္မံ။**

သူတော်ကောင်းမရှိရာ သဘင်မှာ သဘင်မဟုတ်၊ တရားမပြောသောသူမှာ သူတော်ကောင်းမဟုတ်၊ (သဂါထာဝဂ္ဂဗြာဟ္မဏသံယုတ်-၁၈၆) အရ တရားပြောသော သူတော်ကောင်းများရှိရာ သဘင်မှာ အစဉ်ရှိထိုက်ပါသည်။

သို့သော် သန္တာဆိုသည်မှာ မိမိက အမှန်သိလို၊ ကြားလိုခြင်း၊ အမှန်ကို ထောက်ပြလျှင် ကျေးဇူးတင်တတ်ခြင်း၊ သူတစ်ပါးကို သိစေလို၊ တတ်စေလိုသော စေတနာ မေတ္တာရှိသူဖြစ်ခြင်းတို့ဖြင့် စိတ်ကောင်းသူများဖြစ်ရာ ထိုသို့မဟုတ်ဘဲ မိမိတတ်ကြောင်း ပြလိုခြင်း၊ သူ့ကို နှိပ်လိုခြင်း၊ အမှားထောက်ပြသောအခါ မခံချင် စိတ်ဆိုးခြင်း စသည်ဖြင့် သန္တသဘောကင်းခဲ့လျှင် ထိုသဘင်မှာ မင်္ဂလာမဖြစ်ဘဲ အမင်္ဂလာဖြစ်တတ်သည်။

တရားဆွေးနွေးဖို့ "ကာလ"ကို သတ်မှတ်ဖွင့်ဆိုရာ၌ ဆရာတော်ကြီးက ဤသို့ ဆက်လက်ဖော်ပြတော်မူပြန်ပါသည်။

'ဆွေးနွေးသင့်သောအခါကို ညဦးနှင့် နံနက်စောစောဟု အဋ္ဌကထာကပြပြီးနောက် စိတ်ဆုတ်နစ်သောအခါ၊ ပျံ့လွင့်သောအခါ၊ ယုံမှားသံသယဖြစ်သောအခါ ထိုစိတ်များပယ်ပျောက်ဖို့ရာ ဘယ်ခါမဆို တရားဆွေးနွေးခြင်းသည် ကာလေနဓမ္မသာကစ္ဆာဖြစ်ကြောင်း ဆို၏။ ထို့ကြောင့် မိမိက အလုပ်အားလပ်သောအခါ၊ တရားဆွေးနွေးဖက်လည်း အချိန်သင့်ရှိနေသော အခါများမှာ တရားဆွေးနွေးဖို့ သင့်လျော်သောအခါ ပေးတည်း။

ဤ (နဝရတ်ကိုးသွယ်)သည် လေးစားအပ်သော စာဖတ်သူအတွက် ကာလေန ဓမ္မသာကစ္ဆာ မင်္ဂလာတရားတော်နှင့်အညီ လိုက်နာပြုမူဆောင်ရွက်ရေးအစဉ်၌ စာဖက်သူ၏ ဆွေးနွေးဖက်၊ အဖော်သဟဲလေးတစ်ခု အရာမြောက်ပြီဆိုလျှင်ပင် စာရေးသူအနေဖြင့် ဝမ်းမြောက်ပီတိ ရှိရတော့မည်ဖြစ်ပါကြောင်း။

လေးစားသော...

**ချစ်ဦးညို**